

သားဖွားဆရာမ ဒေါ်အေးအေးနွယ် သည် ကျေးသားအင်းကျေးရွာ (တနင်္သာရီ) ရှိ အသစ်ဆောက်လုပ်ထားသော ကျေးလက်ကျန်းမာရေး ဌာနတွင် သူမ၏ လူနာတစ်ဦးကို နှုတ်ဆက်နေစဉ်

# ပိုမိုပါဝင်ဆောင်ရွက်လေ၊ ပိုမိုပေါင်းစည်းချိတ်ဆက်လေ

## အရှေ့တောင်ပိုင်း အခြေခံအဆောက်အအုံ ပြန်လည်ထူထောင်ရေးစီမံချက် (SIRP)၊ မြန်မာ၏ ရလဒ်များ အနှစ်ချုပ်

"ကျွန်မ ဒီရွာကို ပထမဆုံးရောက်တဲ့အချိန်က အခုလိုမဟုတ်ပါဘူး" ဟု ဒေါ်အေးအေးနွယ်က ပြောပါသည်။ ထိုအချိန်က အသက် ၃၄ နှစ်အရွယ် သားဖွားဆရာမသည် ကျေးသားအင်းကျေးရွာသို့ ၂၀၁၄ ခုနှစ်တွင် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ "ဒီရွာက ကျွန်မ ပထမဆုံး တာဝန်ကျတဲ့နေရာပါ။ ကျွန်မရောက်တဲ့အချိန်တုန်းက ဘာဆေးခန်းမှလည်း မရှိပါဘူး။ အဲဒီအချိန်တုန်းက ရွာသူရွာသားတွေဟာ ကာကွယ်ဆေးထိုးခြင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုအပြည့်အဝမရကြပါဘူး။ ကာကွယ်ရေးရော၊ ကုသရေးပါမရကြတာပေါ့" ဟု သူမကဆိုပါသည်။

အနီးဆုံး ကျေးလက်ကျန်းမာရေးဆေးခန်းသည် ၁၁ ကီလိုမီတာ ကွာဝေးပါသည်။ မိုးရာသီတွင် ရွှံ့ဗွက်ထူပြီး ပွင့်လင်းရာသီဆိုလျှင် ဖုံထူသော လမ်းများပေါ်မှ အချိန်ကြာမြင့်စွာ ခြေလျင်လျှောက်ကာ သွားရပါသည်။ ဒေါ်အေးအေးနွယ်က "ရွာသူရွာသားတွေဟာ ကျန်းမာရေးအသိ အားနည်းပါတယ်။ ကာကွယ်ဆေးကို မဖြစ်မနေ ထိုးရမယ်ဆိုတာလည်း သူတို့ မသိကြပါဘူး။ အမျိုးသမီးတွေဆိုရင်လည်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ဒါမှမဟုတ် မီးဖွားချိန်မှာ သားဖွားဆရာမရဲ့ အကူအညီကို မရကြပါဘူး" ဟု ပြောသောအခါ အံ့သြဖွယ်ရာ မဟုတ်တော့ပါ။

ရန်ကုန်၏အရှေ့တောင်ဘက် ကီလိုမီတာ၅၀၀ခန့်အကွာတွင်ရှိသော ကျေးသားအင်းရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင် တည်ရှိပါသည်။ အစိမ်းရောင်စပါးခင်းများ၊ မိုးကုတ်စက်ဝိုင်းအောက်ရှိတောင်တန်းများကိုတွေ့မြင်ရမည်ဖြစ်သည်။ သို့သော် မမြင်သာသည်မှာ ကာလရှည်ကြာဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ဆက်ခံခဲ့ရသောအမွေပင် ဖြစ်သည်။ လက်နက်ကိုင်အုပ်စုများနှင့် မြန်မာ့တပ်မတော်တို့သည် နှစ်ပေါင်းခြောက်ဆယ်ကျော် အပြန်အလှန်တိုက်ခိုက်ခဲ့ကြပါသည်။ အကျိုးဆက်အနေဖြင့် ကျေးသားအင်းကဲ့သို့သော ရွာများသည် ဆင်းရဲချို့ငဲ့ကာ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ စတင်ကာ လက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်စဲပြီးနောက်တွင် အခြေအနေများ တိုးတက်လာဖို့ အခွင့်အလမ်းများ ရှိလာပါသည်။ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံ၊ အခြေခံဝန်ဆောင်မှုများ တိုးတက်လာစေဖို့ ဖြစ်ပါသည်။ ထိုအတွက် လုပ်ဆောင်ရမည့် အလုပ်မှာ ကြီးမားများပြားလွန်းလှပြီး မကြာသေးမီနှစ်များအတွင်းတွင် တိုးတက်မှုများ ရှိခဲ့သည့်တိုင် ယနေ့အချိန်အထိ လုပ်ဆောင်စရာများစွာ ကျန်ရှိနေပါသေးသည်။

### စီမံချက်

ဤလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုရန်အတွက် အရှေ့တောင်ပိုင်း အခြေခံအဆောက်အအုံပြန်လည်ထူထောင်ရေး စီမံချက်အား ဒီဇိုင်းရေးဆွဲခဲ့ပါသည်။ ၂၀၁၂ခုနှစ်နှောင်းပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့သော ဤစီမံချက်တွင် ဒုက္ခသည်များဆိုင်ရာ နော်ဝေကောင်စီ (NRC)၊ ဆွစ်ဇာလန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (SDC)၊ ကရင်ဖွံ့ဖြိုးမှုကွန်ရက် (KDN)* နှင့် Action Aid Myanmar (AAM) တို့ စုပေါင်းကာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဝေးလံခေါင်သီသော ကျေးရွာ ၈၉ ရွာမှ ရွာသူရွာသားများ၏ ဘဝနှင့် နေထိုင်မှုအခြေအနေများ တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ဥရောပကော်မရှင်၏ 'Aid to Uprooted People' အစီအစဉ် အောက်မှ ရန်ပုံငွေအပြင် NRC နှင့် SDC တို့၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ယူရို ၇သန်းဖြင့် ဆောင်ရွက်ခဲ့သော ဤစီမံချက်သည် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် မြောက်ဘက်ပိုင်း (တစ်ဖက်စာမျက်နှာမှ မြေပုံကို ကြည့်ပါ) တို့တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ SIRP တွင် (ရပိုင်ခွင့်များနှင့် နိုင်ငံသားဖြစ်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အခြေခံအဆောက်အအုံတို့နှင့်စပ်လျဉ်း၍) ယေဘုယျရည်ရွယ်ချက်များ ချမှတ်ထားရှိပါ



NRC
NORWEGIAN REFUGEE COUNCIL

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

KDN

actionaid





သည်။ တစ်ချိန်တည်းတွင် ရပ်ရွာလူထုများအား ၎င်းတို့၏လိုအပ်ချက်များကို ဆန်းစစ်လေ့လာကာ ဦးစားပေးအဆင့်များ သတ်မှတ်နိုင်ရန်လည်း လမ်းညွှန်ကူညီပေးပါသည်။ 'ကျေးရွာစာအုပ်များ' ဟု ခေါ်သည့် စာအုပ်များမှ ရရှိသည့် အချက်အလက်များပေါ်တွင် အခြေခံကာ SIRP သည် ရွာသူရွာသားများ အလိုအပ်ဆုံးသော အရာများကို ပံ့ပိုးပေးပါသည်။ ဥပမာ ဆေးခန်း၊ ကျောင်း၊ လမ်း သို့မဟုတ် ရေဖြန့်ဝေမှုစနစ်တို့ ဖြစ်ပါသည်။

## ပိုမိုပါဝင်ဆောင်ရွက်လေ၊ ပိုမို စည်းလုံးလေ

ကျေးရွာစာအုပ်ရေးဆွဲခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် ရပ်ရွာလူထုသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမို ပါဝင်ဆောင်ရွက်လာကြပါသည်။ ဇလဲကျေးရွာ (ကရင်ပြည်နယ်) မှ ဒေါ်သိန်းတင် (၅၂ နှစ်) က "အရင်တုန်းက ကျွန်မတို့တွေ အစည်းအဝေးတွေ တက်ခဲ့တာက ဟန်ပြသက်သက်ပဲ ဖြစ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးတာတွေ ဒါမှမဟုတ် ဆုံးဖြတ်ချက်ချတာတွေမှာ မပါဝင်ခဲ့တာက များပါတယ်။ အခုတော့ ကျွန်မတို့လည်း အများကြီး ဝင်ဆွေးနွေးလို့ရပြီး စနစ်တကျလည်း ပါဝင်ဆောင်ရွက်ခွင့် ရပါတယ်" ဟု ဆိုပါသည်။ တော်တလကျေးရွာ(တနင်္သာရီ)မှ ဒေါ်စောဝေဝေ(၅၁နှစ်)ကလည်း ဒေါ်သိန်းတင်နှင့် တူညီသောအမြင်ရှိပြီး "ကျွန်မမြင်တာကတော့ ရွာသူရွာသားတွေဟာ စီမံချက်ကြောင့် ပိုပြီး စည်းလုံးလာပါတယ်။ ကျွန်မတို့ အရင်တုန်းက အဲဒီလိုမျိုးမဟုတ်ပါဘူး" ဟု ပြောပါသည်။

ရပ်ရွာလူထုသည် စီမံကိန်းရေးဆွဲမှုများတွင်သာ ပါဝင်ဆောင်ရွက်ကြသည်မဟုတ်ပါ။ ရွာအများအပြားတွင် အဖွဲ့များဖွဲ့ကာ အခြေခံအဆောက်အအုံသစ်များကို ပါဝင်တည်ဆောက်နေပါသည်။ ထိုမျှသာမက အဆိုပါ ရပ်ရွာပိုင်ပစ္စည်းအသစ်များကို ထိန်းသိမ်းစောင့်ရှောက်သည့် ကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များ ပြည့်စုံအောင် ပံ့ပိုးပေးထားသည့်အတွက် အဆိုပါကော်မတီများသည် ရေပိုက်များ ကျိုးပျက်လျှင် သို့မဟုတ် ခေါင်မိုးများ ယိုလျှင် ၎င်းတို့ ပြုပြင်ထိန်းသိမ်းနိုင်သည်ဟု ယုံကြည်မှုအပြည့် ရှိကြပါသည်။ အချို့သော ရပ်ရွာလူမှုအသိုင်းအဝိုင်းများသည် ထို့ထက်မကပင် စွမ်းဆောင်နိုင်နေပြီဖြစ်ပါသည်။ ကျေးရွာစာအုပ်များတွင် သတ်မှတ်ဖော်ထုတ်ထားသော ဦးစားပေးလုပ်ငန်းအချို့ကို SIRP မှ တိုက်ရိုက်ရန်ပုံငွေပံ့ပိုးမှုမရှိဘဲ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

အနှစ်ချုပ် - ယေဘုယျဦးတည်ပြောင်းလဲမှုအလားအလာ




SIRP သုံးသပ်ဆန်းစစ်မှုတွင် ရပ်ရွာလူထုများအား ၂၀၁၃ခုနှစ်မှစတင်ကာ ၎င်းတို့၏ ဘဝအခြေအနေများနှင့်စပ်လျဉ်း၍ (အလွန်ဆိုးလျှင် (၁) မှ အလွန်ကောင်းလျှင် (၅) အထိ) အမှတ်ပေးခိုင်းပါသည်။ ဇယားချုပ်တွင် နှစ်များအားလုံးကို ပေါင်းစုဖော်ပြထားရာ ယေဘုယျအားဖြင့် အခြေအနေများ တိုးတက်လာသည်ဟု ရှုမြင်ကြကြောင်း ပြသနေပါသည်။ ထိုတိုးတက်ပြောင်းလဲမှုများအတွက် (အခြားအချက်အလက်များနှင့်အတူ) SIRP ကလည်း ကြီးမားသည့် အတိုင်းအတာတစ်ခုအထိအထောက်အပံ့ပြုခဲ့ပါသည်။

## စီမံချက်၏ ဖွံ့ဖြိုးရေးလူငယ်များ

ရပ်ရွာလူထုအခြေပြုလုပ်ငန်းစဉ်တွင် 'ဖွံ့ဖြိုးရေးလူငယ်များ' ဟုခေါ်သည့် ရွာသူရွာသားများလည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ထိုသူများမှာ ရပ်ရွာလူထုအား ကျယ်ကျယ်ပြန့်ပြန့် နှိုးဆော်စည်းရုံးပေးရန်၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးရန်၊ SIRP မိတ်ဖက်များနှင့် အကျိုးဆက်စပ်ပတ်သက်သူများကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် ရွေးချယ်ထားသော ရွာသူရွာသားများ ဖြစ်ပါသည်။ ထိုသူများကို ရပ်ရွာလူထုမှ အဆိုပြုရွေးချယ်ပေးပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏လုပ်ငန်းတာဝန်အမျိုးမျိုးကို ထမ်းဆောင်နိုင်စေရန် သင်တန်းများ ပို့ချသင်ကြားပေးပါသည်။

နော်ရွှေသက်ဝါဦး (၃၃ နှစ်) သည် အဆိုပါဖွံ့ဖြိုးရေးလူငယ်များထဲမှ တစ်ဦးဖြစ်ပါသည်။ "အစပိုင်းမှာတော့ လူတွေကို စည်းရုံးရတာ အရမ်းခက်တယ်" ဟု မွန်ပြည်နယ်ဝက်စွယ်ဖြူမှ အဆိုပါဖွံ့ဖြိုးရေးလူငယ်က ပြောပါသည်။ "သေနတ်သံတွေတိတ်သွားပြီဖြစ်ပေမယ့် ကျွန်မတို့ဟာ အဖွဲ့အစည်းတွေအကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအကြောင်း ဘာမှ မသိကြပါဘူး။ ပြီးတော့ ကျွန်မတို့ဟာ ဆက်ကြေးလိုမျိုးတွေ ပေးရမှာကိုလည်း ကြောက်ကြပါတယ်။" ဝါဦးသည် အိမ်တိုင်ရာရောက်သွားရောက်ကာ လူများကို နားလည်သဘောပေါက်အောင် အကြိမ်ကြိမ်ရှင်းလင်းပြောပြခဲ့ရပါသည်။ သူမသည် တဖြည်းဖြည်းနှင့် ယုံကြည်ချက် ပိုရှိလာပြီး ကရင်အမျိုးသားအစည်းအရုံး (KNU- အစိုးရမဟုတ်သော လုပ်ဆောင်သူများထဲမှတစ်ဖွဲ့) ကိုယ်စားလှယ်များနှင့် ဆက်သွယ်ညှိနှိုင်းရာတွင်လည်း ကူညီခဲ့ပါသည်။ ကရင်အမျိုးသားအစည်းအရုံးကလည်း စီမံချက်ကို လက်ခံအတည်ပြုပေးခဲ့ပါသည်။

## စီမံချက်ရလဒ်များ

၂၀၁၇ခုနှစ်၊ နှစ်လယ်ပိုင်းတွင် SIRP စီမံချက်ပြီးဆုံးသောအခါ စီမံချက်ကို ပြန်လည်သုံးသပ်ဆန်းစစ်ရန်အတွက် လွတ်လပ်သော ပညာရှင်များကို ဖိတ်ခေါ်ဆောင်ရွက်စေခဲ့ပါသည်။ စီမံချက်ကျေးရွာပေါင်း ၈၉ ရွာအနက် ၁၉ ရွာသို့ သွားရောက်လေ့လာမှု၊ အမျိုးမျိုးသော တွေ့ဆုံမေးမြန်းမှုများနှင့် နည်းလမ်းများကို အခြေခံကာ သုံးသပ်ဆန်းစစ်မှုကို ပြုလုပ်ခဲ့ပါသည်။ စီမံချက်မှ ယေဘုယျချဉ်းကပ်နည်းအဖြစ် အသုံးပြုခဲ့သည့် လူထုကိုပါဝင်ဆောင်ရွက်စေမှုနည်းလမ်းသည် ကောင်းမွန်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး ဝေးလံသည့်၊ ပဋိပက္ခဒဏ်ခံခဲ့ရသည့် ဒေသများကို စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်ပြင် ရေရှည်တည်မြဲသော ရလဒ်များလည်း ရရှိစေခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

SIRP စီမံချက်မှ ရင်းနှီးမြှုပ်နှံမှုများသည် လူများ၏ ဘဝတွင် ထူးခြားပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဦးတည်ပြောင်းလဲမှုအလားအလာဆန်းစစ် လေ့လာချက် (trend analysis) တွင် ယေဘုယျအားဖြင့် တိုးတက်မှုများကို တွေ့မြင်ရပါသည် (အောက်ပါအနှစ်ချုပ်ဇယားကို ကြည့်ပါ)။ ဤတိုးတက်ပြောင်းလဲမှုများကို အထောက်အပံ့ဖြစ်စေခဲ့သည့်အချက်များတွင် အစိုးရအဖွဲ့အစည်းများနှင့်အခြားသော လုပ်ဆောင်သူများ၏ အားထုတ်ကြိုးပမ်းမှုများ ပါဝင်သလို SIRP စီမံချက်ကလည်း ပါဝင်အထောက်အပံ့ပြုခဲ့သည်ဟု ရှုမြင်ကြပါသည်။ လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသော အပိုင်းကဏ္ဍများတွင်ရော (လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု၊ ချိတ်ဆက်မှု၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်မှု)၊ ရလဒ်များနှင့်ဆက်နွှယ်သော အပိုင်းများတွင်ပါ (ဥပမာ ပညာရေး၊ ကျန်းမာရေးနှင့် ရေ) ပါဝင်ကူညီပေးနိုင်ခဲ့ပါသည်။

**ရေရရှိစေခြင်း** - နော်ရွှေသက်ဝါဦးတို့ရွာတွင် ယခင်က အိမ်ထောင်စု ၁၄၀ အတွက် ရေတွင်း ခြောက်တွင်းသာရှိပြီး ရွာ၏ ကုန်းမြင့်ပိုင်းတွင် ရေတွင်းတစ်တွင်းမျှ မရှိပါ။ "နွေရာသီမှာ ရွာသူရွာသားတွေဟာ မနက် ၃ နာရီလောက်ကတည်းက အိပ်ရာကထပြီး ရေခပ်ရပါတယ်။ ကိုယ့်အလှည့်ရောက်ဖို့ကို တန်းစီရပါတယ်" ဟု သူမက ဆိုပါသည်။ နွေရာသီတွင် ရေတွင်းများသည် ခမ်းခြောက်လွယ်သဖြင့် ရေလည်း မလုံလောက်ပါ။

SIRP စီမံချက်မှ ပံ့ပိုးပေးခဲ့သည့် တောင်ကျရေသွယ်တန်းခြင်းစနစ်ကို ထူထောင်နိုင်ခဲ့ချိန်မှစ၍ တစ်ရွာလုံးအတွက် တစ်နှစ်ပတ်လုံး ရေကို လုံလောက်စွာ ရရှိခဲ့ပါသည်။ ရွာတွင် ဖွဲ့ထားသည့် ရေအဖွဲ့သည် ရေလေလွင့်ဆုံးရှုံးမှုများမရှိစေရန် စည်းကမ်းများ သတ်မှတ်ပေးခြင်း၊ အိမ်ထောင်စုတစ်စုလျှင် တစ်လ ငွေကျပ် ၅၀၀၀ (USD ၃.၆၀) စီ ကောက်ခံကာ ရေစနစ်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ချေးငွေထုတ်ပေးခြင်းများကို ဆောင်ရွက်ပါသည်။

**ပညာရေးနှင့်စပ်လျဉ်း၍** ကျောင်းအသစ် သို့မဟုတ် အဆင့်မြှင့်တင်ထားသော ကျောင်းပေါင်းများစွာ ရှိလာသည့်အတွက် ပိုမိုကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်များကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ အချို့၏ ပြောပြချက်အရ ယခုအခါ ကျောင်းသားကျောင်းသူများသည် ပညာသင်ယူရန်နှင့် ဆော့ကစားရန်အတွက် ကျောင်းတွင် အချိန်ပိုကြာကြာ နေလာကြပြီဟု သိရပါသည်။ SIRP နှင့် ပညာရေးဦးစီးဌာနကြားတွင် ကွန်ရက်ချိတ်ဆက်ထားရုံမက ပညာရေးကော်မတီများနှင့် သင်ကြားရေးဝန်ထမ်းများအား အသိပေးရှင်းလင်းတင်ပြမှုများ ပြုလုပ်ခြင်းဖြင့် ကွာဟချက်များ၊ နစ်နာချက်များကို ပိုမိုလျှင်မြန်စွာ ဖြေရှင်းပေးနိုင်လာပါသည်။

ကျောက်ဖြူ (တနင်္သာရီ) မှ ကျောင်းသားလေး စောအယ်မူး (၁၄ နှစ်) က သူ၏ ကျောင်းအသစ်ကို အလွန်သဘောကျပါသည်။ "အရင်တုန်းက ကျောင်းသွားရတာ သား မပျော်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျောင်းပြတင်းပေါက်တွေက မိုးမလုံဘူး။ လေတိုက်ရင် မိုးရေတွေ ဝင်တယ်" ဟု သူက ပြောပြပါသည်။ ဆရာ၊ ဆရာမများကလည်း ကျောင်းသို့ နောက်ကျမှလာတတ်ပြီး လုံးဝရောက်မလာသည့်အခါများလည်း ရှိပါသည်။ "အခုဆိုရင် ဆရာ၊ဆရာမတွေလည်း ကျောင်းမပျက်တော့ဘူး။ သားတို့ရဲ့ စာသင်ခန်းတွေကလည်း ပိုကျယ်ပြီး ကျောင်းဝင်းကလည်း ပိုကြီးတယ်။ သားက ခုဆိုကျောင်းမှာ ပိုပျော်ပြီး လုံခြုံတယ်လို့လည်း ခံစားရတယ်" ဟု ဆိုပါသည်။

နေရာအတော်များများတွင် SIRP သည် **လမ်းသစ်များ၊ တံတားသစ်များ** ဆောက်လုပ်ရန်လည်း ကူညီပံ့ပိုးခဲ့ပါသည်။ "စီမံချက်မစခင်တုန်းက လမ်းပန်းဆက်သွယ်ရေးက အတော်လေးခက်ခဲပါတယ်" ဟု ဆရာမ ဆုသဲမာ (၃၅ နှစ်) က ပြောပါသည်။ ခမြိတ်ကျေးရွာ (တနင်္သာရီ) မှ ထိုဆရာမက "အစည်းအဝေးတွေဆိုရင် ကျွန်မ အမြဲတမ်းနောက်ကျပါတယ်။ လမ်းတွေက ချောနေလို့ နှစ်ခါ၊ သုံးခါ ချော်လဲတတ်ပါတယ်။ အခုတော့ ကျွန်မအတွက်ရော၊ ကျွန်မ ကျောင်းသားတွေအတွက်ပါ အတော်လေးအဆင်ပြေနေပါပြီ" ဟု ရှင်းပြပါသည်။

သွားရေးလာရေးအဆင်ပြေမှုတင်မက လမ်းသစ်များသည် ပိုမိုမြင်သာထင်ရှားသော အကျိုးကျေးဇူးများကိုလည်း ရရှိစေပါသည်။ လမ်းသစ်များ ဖောက်လုပ်ထားခြင်းကြောင့် ယခုအခါ ထရပ်ကားများသည် သူမ၏ ရွာအထိ ရောက်ရှိနိုင်ပြီဖြစ်ရာ ဈေးကွက်များကို လက်လှမ်းမီမှုလည်း ပိုမို တိုးတက်လာပါသည်။ "ကုန်ပစ္စည်းဈေးနှုန်းတွေက အရင်ကထက် ပိုပြီး သက်သာလာတယ်" ဟု သူမက ပြောပါသည်။ ထိုမျှသာမက နာမကျန်းသူများကို ဆေးရုံသို့ ပို့ဆောင်ရာတွင်လည်း ပိုမိုလွယ်ကူလာပါသည်။ လမ်းများ ပိုကောင်းလာသဖြင့် ဆိုင်ကယ် မတော်တဆ ဖြစ်မှုများလည်း လျော့နည်းသွားပါသည်။ လူအများ အပြားကို "အရိုးကျိုးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း" များမှ ကယ်တင်ပေးနိုင်ခဲ့ပါသည်။

စီမံချက်၏ နောက်ထပ်ရလဒ်တစ်ခုမှာ **ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း** ဖြစ်ပါသည်။ မူလက ကျန်းမာရေးအသိပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီမှုများ နည်းပါးနေရာမှ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲအသစ်များ ပေါ်ပေါက်လာခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်ဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီလာကြပါသည်။

အဆောက်အအုံအသစ်တစ်ခုသည် သူ့ချည်းသက်သက်ဆိုလျှင် များစွာ ထူးခြားမှု ရှိမည်မဟုတ်ပါ။ သို့သော် ကျန်းမာရေးဝန်ထမ်းများ ရှိနေသောအခါ ထိုအဆောက်အအုံသည် ပိုမိုကောင်းမွန်ပြီး ပိုမိုများပြားသောဝန်ဆောင်မှုများကို ပေးနိုင်စေပါသည်။ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးနိုင်လာပါသည်။ သားဖွားဆရာမ ဒေါ်အေးအေးနွယ်က "ဆေးခန်းတစ်ခု သီးသီးသန့်သန့်မရှိရင် ရွာသူရွာသားတွေမှာ ဆေးခန်းကို ပုံမှန်လာတဲ့အကျင့်၊ ကိုယ်ဝန်ဆောင်မိခင်တွေ မေးခိုင်ကာကွယ်ဆေးလာထိုးတဲ့အကျင့် မရှိကြပါဘူး။ သူတို့ကို ဆေးခန်းကို လာစေချင်ပါတယ်။ အဲဒါမှ သူတို့ရဲ့ ကျန်းမာရေးဗဟုသုတတွေလည်း တိုးတက်လာအောင် လုပ်ပေးနိုင်မှာပါ" ဟု ပြောပါသည်။ ယခုအခါ သူမသည် မွေးကင်းစကလေးများ၏ ကိုယ်အလေးချိန်နှင့်အရပ်ကို တိုင်းတာပေးပြီး လက်ကမ်းစာစောင်များကိုလည်း ဝေငှပေးနေပါသည်။ ရွာတွင် သန့်ရှင်းသော ကျန်းမာရေးဌာနတစ်ခု ရှိနေပြီဖြစ်ပါသည်။ ထိုဆေးခန်းအသစ်တွင် ဒေါ်အေးအေးနွယ်သည် ယခုအချိန်အထိ ကလေးပေါင်း အယောက် ၄၀ ကို မီးဖွားနိုင်အောင် ကူညီပေးပြီး ဖြစ်ပါသည်။

ကြိုးပိုင်းကျေးရွာ (မွန်ပြည်နယ်) မှ တောင်သူ ဒေါ်ဖြူဖြူဝင်းက ကျန်းမာရေးဌာနအသစ်ကြောင့် ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာ ရယူနိုင်ကြောင်း ထောက်ပြပါသည်။ ကျန်းမာရေးဌာနအသစ်သည် ၎င်းတို့၏ အနီးအနားတွင် ရောက်ရှိနေပြီဖြစ်သည်။ ယခင်ကဆိုလျှင် သူမအနေဖြင့် ကျန်းမာရေးဌာနသို့ သွားလိုလျှင် အချိန်ကြာမြင့်စွာ သွားရသည်ဟု ယခုလို ပြောပါသည်။ "ဘယ်လိုဆေးကုသမှုမျိုးကိုပဲ ဖြစ်ဖြစ် လိုချင်ရင် အချိန်အကြာကြီးပေးရပါတယ်။ အရင်ဆုံး လှေဆိပ်ကို ၁၅ မိနစ် လမ်းလျှောက်ရတယ်။ အဲဒီကနေ သုံးနာရီ လှေစီးရတယ်။ ပြီးရင် ကားနဲ့ နောက်ထပ်နှစ်နာရီ ထပ်သွားရပါတယ်။"

စီမံချက်သည် **ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်သန့်ရှင်းရေး** အတွက်လည်း ရင်းနှီးမြှုပ်နှံပေးခဲ့ပါသည်။ ကျောင်းများတွင် အိမ်သာများ တည်ဆောက်နိုင်ရန် ပံ့ပိုးပေးပြီး လက်ဆေးခြင်းနှင့် အခြားသော တစ်ကိုယ်ရည်သန့်ရှင်းရေးအလေ့အထများကို အားပေးမြှင့်တင်ပေးပါသည်။ ရည်ရွယ်ချက်ကောင်းသော်လည်း စီမံချက်ဒီဇိုင်းတွင် ပိုမိုပြည့်စုံသော အမူအကျင့်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ခု ပါဝင်ခြင်းမရှိကြောင်း ပြန်လည်သုံးသပ်ဆန်းစစ်မှုတွင်တွေ့ရှိခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်ရှိမှသာ တစ်ကိုယ်ရည်သန့်ရှင်းရေးအလေ့အထများကို ရေရှည်ကျင့်သုံးလာအောင်ပိုမိုထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

### ဆက်သွယ်ချိတ်ဆက်မှုများ ပိုမို အားကောင်းလာခြင်း

အထက်တွင်ဖော်ပြခဲ့သော ကဏ္ဍအလိုက် ရလဒ်များအပြင် စီမံချက်မှ အားလုံးကိုလွှမ်းခြုံသော ရလဒ်တစ်ခုမှာ ရပ်ရွာလူမှုအသိုင်းအဝိုင်းများသည် ဒေသခံအာဏာပိုင်များ၊ ပြင်ပမှ လုပ်ဆောင်သူများနှင့် ဆက်သွယ်ချိတ်ဆက်မှုများ အားကောင်းလာခြင်း ဖြစ်ပါသည်။

၎င်းတို့သည် ဝေးလံခေါင်သီသည့်ဒေသတွင် နေထိုင်ကြခြင်း ဖြစ်သည့်အတွက် ထိုကဲ့သို့သောဆက်သွယ်ချိတ်ဆက်မှုမျိုးသည် ထိုလူမှုအသိုင်းအဝိုင်းများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအတွက် အထူးပင်အရေးကြီးပါသည်။ လူထုနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှုများ ပြားခြင်း၊ စုပေါင်းဆောင်ရွက်ခြင်းနှင့် ယုံကြည်မှုရှိခြင်းတို့ကြောင့် ကျေးရွာများသည် အဖွဲ့အစည်းများသို့ တောင်းဆိုပန်ကြားမှုများ ပြုလုပ်နိုင်လာကြပါသည်။ ပိုကောင်းသော လမ်းများနှင့် ပိုခိုင်မာသော ဆက်ဆံရေးများကြောင့် ဆက်သွယ်ချိတ်ဆက်မှုများ ယခုထက်မက တိုးတက်လာမည့်အခွင့်အလမ်းများ ရှိလာမည်ဖြစ်ပါသည်။ အများအားဖြင့် ကျေးရွာစာအုပ်များကို အာဏာပိုင်များထံ မျှဝေပေးပြီး ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်အတွက် ရပ်ရွာလူထု၏ အစီအစဉ်ကို တင်ပြပေးပါသည်။

### ရရှိသော သင်ခန်းစာများ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် အလားတူ အခြေအနေများတွင် ဆောင်ရွက်မည့် အနာဂတ်အစီအစဉ်များအတွက် အသုံးဝင်မည့် သင်ခန်းစာပေါင်းများစွာကို ပြန်လည်သုံးသပ်စစ်ဆေးမှု လုပ်ငန်းစဉ်တွင် ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။



နော်ရွှေသက်ဝါဦး (၃၃) သည် ဝက်စွယ်ဖြူ (ရေးမြို့နယ်၊ မွန်ပြည်နယ်) မှ စီမံချက်၏ 'ဖွံ့ဖြိုးရေးလူငယ်' တစ်ဦး ဖြစ်ပြီး အရန်သားဖွားဆရာမလည်း လုပ်ပါသည်။

ယေဘုယျအားဖြင့် အောက်ခြေမှအထက်သို့ ဦးတည်သော "ကျေးရွာစာအုပ်" နည်းလမ်းသည် ထိရောက်မှုရှိကြောင်း သက်သေပြခဲ့ပြီး ဖြစ်၍ ပုံတူပွားယူဆောင်ရွက်ရန် အကြံပြုထားပါသည်။ ကျေးရွာများ၏ ဦးစားပေးကိစ္စများနှင့် ကိုက်ညီအောင် ညှိနှိုင်းရန်အတွက် စီမံချက်ဒီဇိုင်းကို ပြောင်းလွယ်ပြင်လွယ်ရှိအောင် ရေးဆွဲထားခြင်းကလည်း အကောင်းဆုံးအလေ့အထအဖြစ် ရှုမြင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် စီမံချက်၏ လုပ်ဆောင်ချက်များကို ကျေးရွာများနှင့် ဆီလျော်ကိုက်ညီစေပြီး ရပ်ရွာလူထုများကိုလည်း နှိုးဆော်စည်းရုံးနိုင်စေပါသည်။ ကော်မတီအသစ်များအတွက် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများပေးခြင်းနှင့် အခြေခံအဆောက်အအုံအသစ်များကို ရေရှည်ခံအောင် ထိန်းသိမ်းပေးနိုင်သော စနစ်များကို ထားရှိသုံးစွဲနေခြင်းများမှာလည်း ချီးကျူးထိုက်လှပါသည်။

သုံးသပ်ဆန်းစစ်မှုတွင် အာရုံစိုက်ရန်လိုအပ်သည့် အချက်နှစ်ချက်ကို တွေ့ရှိပါသည်။ ပထမတစ်ချက်မှာ အသစ်တည်ဆောက်ထားသော ရေစနစ်များတွင် ကိုလီဖောင်းဘတ်တီးရီးယားကဲ့သို့သော ရေကို ညစ်ညမ်းစေသည့် အရာများ ရှိ၊ မရှိ စနစ်တကျ စမ်းသပ်စစ်ဆေးရန် လိုပါမည်။ အကယ်၍ ထိုသို့ စမ်းသပ်စစ်ဆေးရန် မဖြစ်နိုင်လျှင်လည်း ရေကို ဘေးကင်းစွာ သောက်သုံးနိုင်အောင် သန့်စင်ပေးရမည်ဖြစ်ပါသည်။ ဒုတိယအချက်မှာ အစိုးရကရော၊ ယခင်က တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများကပါ ထိန်းချုပ်ထားသော နယ်မြေများတွင် ကျေးရွာစာအုပ်များကို မျှဝေအသိပေးခြင်းသည် အသွားနှစ်ဖက်ပါသော ဓါးနှင့်တူသည်ဟု ရှုမြင်ပါသည်။ ထိရှလွယ်သော သတင်းအချက်အလက်များ (အရင်းအမြစ်များ တည်နေရာ၊ သွားလာရောက်ရှိနိုင်သော လမ်းကြောင်းများ) ပါဝင်နေသည့်အတွက် မည်သူကို မည်သည်အား မည်သည့်အတိုင်းအတာအထိ မျှဝေပေးရမည် ဆိုသည်ကို သေချာစွာ စဉ်းစားရပါမည်။

### ရှေ့သို့လှမ်းမျှော်ကြည့်လျှင်

ရှေ့သို့လှမ်းမျှော်ကြည့်လျှင် စီမံချက်မှ ပံ့ပိုးပေးခဲ့သော ရပ်ရွာလူထုများသည် ၎င်းတို့ အသစ်ပိုင်ဆိုင်လာသောပစ္စည်းများကို ဆက်လက်ထိန်းသိမ်းရန်သာမက ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ကြပါလိမ့်မည်။ ပိုမိုပညာတတ်မြောက်လာသော ကလေးများ၊ အချို့ကျန်းမာရေးရလဒ်များကဲ့သို့သော အကျိုးရလဒ်အများစုကို မြင်တွေ့နိုင်ဖို့အတွက်မူ အချိန်ကာလတစ်ခု လိုအပ်ပါလိမ့်မည်။




ပျဉ်းမပင်ဆိပ်မူလတန်းကျောင်း (ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်) မှ ကျောင်းသားကျောင်းသူများသည် SIRP တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှုသင်တန်းတွင် လက်ဆေးသည့် အဆင့်ခြောက်ဆင့်စလုံးကို သင်ယူနေစဉ်

ယခုလောလောဆယ်တွင် စုပေါင်းအဖွဲ့နှစ်ဖွဲ့၏ အဖွဲ့ဝင်များကြား အသစ်တည်ဆောက်ထားသော မိတ်ဖက်ပြုမှုဖြင့် 'SIRP 2' စီမံချက်ကို စတင်နေပြီဖြစ်ပြီး မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးပေးသွားပါမည်။ ထိုအတွက် ထည့်သွင်းစဉ်းစားရမည့် အဓိကနယ်ပယ်လေးခုကို ပြန်လည်သုံးသပ်ဆန်းစစ်မှုက အကြံပြုထားပါသည်။

ပထမဦးစွာ ပိုမိုကောင်းမွန်သော တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ဖြစ်လာစေရန်အတွက် အမူအကျင့်ပြောင်းလဲမှုကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ ယင်းသည် ရှုပ်ထွေးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး အသိပညာရရှိစေခြင်း၊ စိတ်နေသဘောထားများကို တည့်မတ်ပေးခြင်းနှင့် နောက်ဆုံး အမူအကျင့်များကို ပြောင်းလဲစေခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပေးရပါမည်။ ဤဒေသတွင် ရေရှည်၌ တစ်ကိုယ်ရည်နှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအလေ့အထများကို ပြောင်းလဲစေလိုလျှင် ပိုမိုစနစ်ကျသော နည်းလမ်းနှင့် ပိုမိုကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါလိမ့်မည်။

ဒုတိယအနေဖြင့် (ဤလုပ်ငန်းစဉ်၏ အခြေခံအဖြစ်) အနာဂတ်စီမံချက်များတွင် နမူနာအုပ်စုရွေးချယ်မှုများကို ခိုင်ခိုင်မာမာ ပြုလုပ်ကာ လုံလောက်သည့်အခြေခံအချက်များ ရရှိအောင် ရင်းနှီးမြှုပ်နှံရပါမည်။ သို့မှသာ ထိုအချက်အလက်များကို အခြေခံကာ ခိုင်မာသော စောင့်ကြည့်လေ့လာမှုအစီအစဉ်တစ်ခု (လက်ငင်းရလဒ်များကို သာမက မျှော်မှန်းရလဒ်များကို ပုံမှန်ဆန်းစစ်အကဲဖြတ်နိုင်သည့်အစီအစဉ်) ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အရေအတွက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရှိပါက နောက်ဆုံးရလဒ်များ၊ရည်မှန်းသတ်မှတ်ချက်များ ပြည့်မြောက်မှုကို ပိုမိုခိုင်မာစွာ သုံးသပ်ဆန်းစစ်နိုင်ပြီး နောက်ဆုံးအကျိုးရလဒ်များကိုလည်း တိုင်းတာပြသနိုင်မည်ဖြစ်ပါသည်။ SIRP 2 ကို ယခုမှ စတင်ကာစဖြစ်သည့်အတွက် စုပေါင်းအဖွဲ့မိတ်ဖက်များသည် ထိုကဲ့သို့သော စနစ်တစ်ခုကို ထပ်မံအားဖြည့် ထည့်သွင်းရန်ကိစ္စကို စဉ်းစားလိုကြပါသည်။

တတိယအချက်မှာ SPHERE စံနှုန်းများနှင့်အညီဖြစ်သော ရေစမ်းသပ်စစ်ဆေးမှုလုပ်ထုံးလုပ်နည်းများကို လက်ခံကျင့်သုံးခြင်းသည် အလွန်အရေးကြီးသော အပိုင်းဖြစ်ပါသည်။ အသစ်တူးဖော်သော ရေတွင်းများနှင့် ရေပေးဝေမှုစနစ်အသစ်များမှ ရေသည် ဘေးအန္တရာယ် ကင်းရှင်းကြောင်း သေချာစေရန်အတွက် အနာဂတ်အစီအစဉ်များတွင် 'စစ်ဆေးခြင်း သို့မဟုတ် သန့်စင်ခြင်း' ကို အလေးပေးဆောင်ရွက်ရပါမည်။

နောက်ဆုံးမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းကဲ့သို့သော ပဋိပက္ခလွန်ဒေသများတွင် ခိုင်မာသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေခံမှုတစ်ခုဖြစ်သည့် 'ဆိုးကျိုးဖြစ်ပေါ်ခြင်း မရှိစေရ' ဟူသည်ကို အလေးအနက်လိုက်နာကျင့်သုံးရပါမည်။ကျေးရွာစာအုပ်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် ကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်ပြီး ပြန်လည်အသုံးချနိုင်သလို၊ ပြန်လည်အသုံးချရန်လည်းသင့်ပါသည်။ သို့သော် ဤစာအုပ်များထဲမှ သတင်းအချက်အလက်များသည် အလွန်ထိရှလွယ်ကြောင်းကို နားလည်သိရှိထားဖို့ လိုအပ်ပါသည်။ ထို့ကြောင့် မည်သည့်သတင်းအချက်အလက်များကို မျှဝေရမည်ဆိုသည်ကို ဆုံးဖြတ်ရန် စစ်ဆေးရွေးချယ်သည့် စာရင်းတစ်ခုကို အသုံးပြုသင့်ပါသည်။

အနှစ်ချုပ်အားဖြင့် အရှေ့တောင်ပိုင်းဒေသ အခြေခံအဆောက်အအုံ ပြန်လည်ထူထောင်ရေးစီမံချက်သည် စီမံချက်ဒေသများရှိအခြေအနေများ တိုးတက်ကောင်းမွန်အောင်ကူညီခဲ့ပါသည်။ ဆက်လက်တိုးတက်မှုများ ရရှိစေရန် အခြေခံအုတ်မြစ်များကိုလည်း ချထားခဲ့ပါသည်။ အထူးသဖြင့် ပိုမိုတိုးတက်ကောင်းမွန်ရန် ပေးထားသည့် အကြံပြုချက်များကို လက်ခံကျင့်သုံးလာသောအခါ SIRP 2 စီမံချက်သည် လူမှုအသိုင်းအဝိုင်းများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းကို ဆက်လက်အားဖြည့်ပေးနိုင်မည့်အလားအလာ၊ ပဋိပက္ခဒဏ်ကြောင့် ဒုက္ခဆင်းရဲခံစားခဲ့ရသည့် အတိတ်မှလွတ်မြောက်ကာ ဘဝများ တိုးတက်ပြောင်းလဲလာအောင် ကူညီပေးနိုင်မည့် အလားအလာ မြောက်များစွာ ရှိနေပါသည်။